**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး**

**တင်သွင်းလွှာအမှတ် ၃/၂၀၁၄**

| | |
|---|---|
| တင်သွင်းသူ | ဦးရားဝမ်ဂျူ |
| | ဥက္ကဋ္ဌ |
| | ကချင်ပြည်နယ်လွှတ်တော် |
| တင်သွင်းသူအတွက် | ဦးအောင်ကျော်စိန် |
| တရားလွှတ်တော်ရှေ့နေများ | ဦးကျော်လှထွန်း |

**အမိန့်**

ရက်စွဲ ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်

ကချင်ပြည်နယ်အတွက် ၂၀၁၄ ခုနှစ် ကချင်ပြည်နယ်ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေရေးဆွဲရန် ဥပဒေကြမ်းကို ကချင်ပြည်နယ်လွှတ်တော်တွင် ၂၀၁၄ခုနှစ် ဧပြီလ၌ ဆွေးနွေးမှုများပြုလုပ်ခဲ့ကြသည်။ ထိုသို့ ဆွေးနွေးမှုများပြုလုပ်ရာတွင် ကချင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်အချို့နှင့်အဆိုပါ လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသော ကချင်ပြည်နယ်အစိုးရအဖွဲ့၊ ဝန်ကြီးချုပ်တို့အကြား အယူအဆကွဲလွဲမှုကြောင့် အငြင်းပွားမှုများ ပေါ်ပေါက်ခဲ့သည်။ ဤတင်သွင်းလွှာနှင့် အတူ ကချင်ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ၂၉-၈-၂၀၁၄ ရက်စွဲပါ စာအမှတ်၊ ၁၁/ ဖ-၁/ လတ-ကချင်(၂၄၅)ဖြင့် တင်သွင်းလွှာအမှတ် ၂/၂၀၁၄ကိုလည်း သီးခြား တင်သွင်းထားသည်။ ထို့ကြောင့် ယခုကိစ္စအတွက် တင်သွင်းလွှာမှာ နှစ်ခုဖြစ်ကြောင်း တွေ့ရှိရသည်။ ဤတင်သွင်းလွှာအတွက် အောက်ဖော်ပြပါတင်ပြချက်ကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက ဆုံးဖြတ်ပေးပါရန် ကချင်ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ၂၉-၈-၂၀၁၄ ရက်စွဲပါ စာအမှတ်၊ ၁၁/ ဖ-၁/ လတ-ကချင် (၂၄၆)ဖြင့် ဤခုံရုံးသို့ တင်သွင်းလာခြင်း ဖြစ်သည် –

> "နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၉၃နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၄၇အရ ကချင်ပြည်နယ်အစိုးရအဖွဲ့မှ ပြည်နယ်လွှတ်တော်သို့ တင်သွင်းလာသော ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်တွင် လိုအပ်သလို ဆွေးနွေး၍ သဘောတူ

အတည်ပြုခြင်းကို အများဆန္ဒနှင့်အညီ ဆောင်ရွက်နိုင် သော်လည်း ငြင်းပယ်ခြင်း၊ လျှော့၍ခွင့်ပြုခြင်းကို အများဆန္ဒနှင့်အညီ ဆောင်ရွက်ခွင့်မရှိခြင်းသည် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီ မညီ အဓိပ္ပာယ်ဖွင့်ဆို၍ ဆုံးဖြတ်ချက် ချမှတ်ပေးနိုင်ရန် တင်သွင်းခြင်း။”

ထိုသို့တင်သွင်းခဲ့ရာတွင် တင်သွင်းလွှာနှစ်ခုမှာ တစ်ခုနှင့်တစ်ခု ရောယှက်နေပြီး လိုအပ်ချက်များရှိနေသောကြောင့် တင်သွင်းလွှာအသစ်တစ်ခုကိုရှေ့နေဖြင့် ပြုစုရေးသားပြီး တင်သွင်းလိုကြောင်း၊ အထက်ဖော်ပြပါ တင်သွင်းလွှာကို ရုပ်သိမ်းလိုကြောင်း တင်သွင်းလွှာ တင်သွင်းသူ ကချင်ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၊ ဦးရားဝမ်ဂျူ က ၁၅-၁၀-၂၀၁၄ ရက်စွဲပါ စာအမှတ် ၁၁/ ၆-၁/ လတ- ကချင် (၂၉၉) ဖြင့် နာယက၊ ပြည်ထောင်စုလွှတ်တော်မှတစ်ဆင့် ဥက္ကဋ္ဌ၊ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံးသို့ လျှောက်ထားလာပါသည်။ ဥက္ကဋ္ဌ၊ကချင်ပြည်နယ်လွှတ်တော်၏ ရှေ့နေဖြစ်သော တရားလွှတ်တော်ရှေ့နေ ဦးအောင်ကျော်စိန် ကလည်း တင်သွင်းလွှာ အမှတ် ၃/၂၀၁၄ကို အထက်ဖော်ပြပါ တင်ပြချက်များအရ ရုပ်သိမ်းလိုကြောင်း၊ တင်သွင်းလွှာအသစ် တင်သွင်းလိုကြောင်း ၂၁-၁၀-၂၀၁၄ရက်နေ့တွင် ကိုယ်တိုင် လာရောက် လျှောက်ထားတင်ပြခဲ့သည်။

တင်သွင်းလွှာ ရုပ်သိမ်းလိုသည့်ကိစ္စကို အဆုံးအဖြတ်ပြုရမည်ဖြစ်သဖြင့် ခုံရုံးဖြင့်ကြားနာနိုင်ရန် ဥက္ကဋ္ဌ၊ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက ၇-၁၁-၂၀၁၄ ရက်စွဲပါ ခုံရုံးဖွဲ့စည်းမိန့်ကို ခုံရုံးနည်းဥပဒေ ၁၄နှင့်အညီ ဖွဲ့စည်းခဲ့ပြီး ဖြစ်သည်။ တင်သွင်းလွှာ ရုပ်သိမ်းခွင့်ပြုရန်သင့်မသင့်ကိစ္စအပေါ် လျှောက်လဲချက် ပေးလိုက ပေးနိုင်ကြောင်း၊ တင်သွင်းလွှာ တင်သွင်းသူ၏ ရှေ့နေ ဦးအောင်ကျော်စိန် နှင့် ဦးကျော်လှထွန်းတို့အား ဤခုံရုံးက အသိပေးရာ လျှောက်လဲချက် မပေးလိုတော့ကြောင်း၊ ခုံရုံးမှ သင့်မြတ်သောအမိန့်ချမှတ်ပေးစေလိုကြောင်း တင်ပြသွားကြသည်။

တင်သွင်းလွှာကို စိစစ်ရေးအဖွဲ့က ရှေးဦးစိစစ်ပြီး ခုံရုံးသို့တင်ပြ၍ ခုံရုံး ကလည်း ထပ်မံစိစစ်ခဲ့သည်။ တင်သွင်းလွှာပါ အကြောင်းအရာမှာ ၂၀၁၄ ခုနှစ် ကချင်ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပြဋ္ဌာန်းရန်အတွက် ဆွေးနွေး ကြရာတွင် လွှတ်တော်နှင့်အစိုးရအဖွဲ့တို့အကြား အယူအဆကွဲလွဲမှုများ၊ အငြင်းပွားမှု များအပေါ်အဖြေပေးရန် တင်ပြလာခြင်းဖြစ်သည်။ ပြန်လည်ရှင်းလင်းရမည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်းထံသို့လည်း အကြောင်းကြားမှု မပြုရသေးသည့် တင်သွင်းလွှာစိစစ်ဆဲ

အဆင့်ဖြစ်သည်။ တင်သွင်းလွှာပါ ဖော်ပြချက်များသည် ဥပဒေပြုရန် ဆွေးနွေးကြရာတွင် ပေါ်ပေါက်သော နှစ်ဘက်အငြင်းပွားမှုအရပ်ရပ်ကို ဖြစ်စဉ်တစ်ခုစီအလိုက် တင်ပြထားကြောင်း တွေ့ရသည်။ တင်ပြသည့်အချက်အလက်များ များပြားနေပြီး အဆုံးအဖြတ်ပေးရမည့်အချက် ပေါ်လွင်မှုမရှိခြင်း၊ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပြုရေး အငြင်းပွားမှုတစ်ခုတည်းကိုအခြေခံ၍ တင်သွင်းလွှာ အမှတ် ၂နှင့် ၃ အဖြစ် ခွဲခြားတင်သွင်းလာခြင်းစသည်တို့ကို စိစစ်တွေ့ရှိရသည်။

လက်ရှိတင်သွင်းလွှာကို ရုပ်သိမ်းလိုခြင်းမှာ ပုံစံပိုင်းဆိုင်ရာ လိုအပ်ချက်များကို ပြုပြင်ပေးရန်သာဖြစ်ပြီး အမှု၏အနှစ်သာရပိုင်းဆိုင်ရာ၊ ဥပဒေပိုင်းဆိုင်ရာများကို အကြောင်းပြု၍ ရုပ်သိမ်းလိုခြင်းမဟုတ်ကြောင်း သုံးသပ်ရရှိသည်။ ပုံစံပိုင်းဆိုင်ရာများကို စနစ်တကျရှိစေခြင်းအားဖြင့် ပြန်လည်ရှင်းလင်းရမည့်သူများအတွက် ပိုမိုလွယ်ကူမှုရှိစေမည် ဖြစ်သည်။ ဤတင်သွင်းလွှာကို ရုပ်သိမ်းခြင်းအားဖြင့်လည်း တရားမျှတမှုကို ထိခိုက်မှုမရှိဟု သုံးသပ်ရရှိသည်။ ထို့ကြောင့် ဥက္ကဋ္ဌ၊ ကချင်ပြည်နယ်လွှတ်တော်၏ တင်သွင်းလွှာအသစ် တင်သွင်းခွင့် နှင့်အတူ ဤတင်သွင်းလွှာအမှတ် ၃/၂၀၁၄ အား ရုပ်သိမ်းခွင့်ပြုရန် လျှောက်ထားခြင်းကို ခွင့်ပြုကြောင်း အမိန့်ချမှတ်လိုက်သည်။

××××××
( မြသိန်း )
ဥက္ကဋ္ဌ